# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

May 17 , 2024 Volume 78, Number 12

၁၇.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၂၃၈၂ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = ၃၉၅၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၇.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၉.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၇၂ ဖိုဝ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၅၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၇၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၁၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၈၉၁ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ရန်ကုန်မြို့ရှိ ရွှေဆိုင်များတွင် အခေါက်ရွှေရောင်းဝယ်ခြင်းများမရှိဘဲ လက်ဝတ်အထည်များကိုသာ အရောင်းအဝယ်ပြုလုပ်



ပြင်ပရွှေစျေးကွက်တွင် အခေါက်ရွှေတစ်ကျပ်သား ကျပ် သိန်း ၅၀ ကျော် ရောက်ရှိသည်ဟု သတင်းများထွက်ပေါ်လာပြီးနောက် ရန်ကုန်မြို့ရှိ ရွှေဆိုင်များတွင် အခေါက်ရွှေရောင်းဝယ်ခြင်းများမရှိဘဲ လက်ဝတ်ထည်များကိုသာ အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း ရွှေသွားရောက်ဝယ်ယူသူအချို့၏ ပြောကြားချက်အရ သိရသည်။

"ဆိုင်သုံးလေးဆိုင်လောက် သွားမေးကြည့်တာ အရောင်းရောအဝယ်ရော ပိတ်ထားတယ်ပြောကြတယ်။ ၁၅ ပဲရည်အထည်တွေပဲ အရောင်းအဝယ်လုပ်တယ် ပြောကြတယ်" ဟု မေ ၁၈ ရက်က ရန်ကုန်မြို့ရှိ ရွှေဆိုင်အချို့ကို သွားရောက်စုံစမ်းခဲ့သူတစ်ဦးက ပြောကြားသည်။

လက်ရှိတွင် ကမ္ဘာ့ရွှေစျေးမှာလည်း မေလ ၁၈ ရက်နေ့စျေးအရ တစ်အောင်စလျှင် ၂၄၁၅ ဒေါ်လာသို့ ရောက်ရှိလာပြီးနောက် ပြည်တွင်းရွှေစျေးနှုန်းမှာလည်း လိုက်ပါမြင့်တက်လာခြင်းဖြစ်သည်ဟု ရွှေစျေးကွက်အတွင်းမှ သိရသည်။

ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်း၏ နေ့စဉ်ထုတ်ပြန်သည့်စျေးနှုန်းအရ မေ ၁၈ ရက် အပိတ်စျေးအရ အကယ်ဒမီရွှေတစ်ကျပ်သားလျှင် ကျပ်သုံးဆယ့်ကိုး

သိန်းကိုးသောင်းကိုးထောင့်နှစ်ရာဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် မတ် ၁၆ ရက်က ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းရုံးတွင် အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ပြီး ရွှေဈေးကွက်အတွင်းတွင် ပြင်ပရွှေဝယ်ရောင်းလုပ်သူများနှင့် ရွှေဆိုင်များအားလုံးသည် သတ်မှတ်ဈေးနှုန်းအောက်တွင် အရောင်းအဝယ်ပြုလုပ်ကြရန်နှင့် မပြုလုပ်နိုင်ပါက ရွှေအရောင်းအဝယ် ရပ်ထားပေးပါရန် အထူးသတိပေးအပ်ပါသည်" ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းက ထုတ်ပြန်ခဲ့သည်။

မတ် ၆ ရက် နေပြည်တော်တွင် ပြုလုပ်သည့် ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတွေ့ဆုံသည့်ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ရွှေဈေးကွက်တွင် စနစ်တကျရောင်းဝယ်နိုင်ရန်၊ စံချိန်စံနှုန်းနှင့်ဈေးနှုန်းအခြေခံသတ်မှတ်နိုင်ရေး၊ တရားဝင်ဆောင်ရွက်နိုင်သည့် ဈေးကွက်ဖော်ဆောင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရွှေဈေး၊ ငွေဈေးကစားပြီး ဈေးနှုန်းမတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်သူများကို ဥပဒေနှင့်အညီ ကြီးကြပ်အရေးယူမည်ဖြစ်ကြောင်း၊ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုအဖြစ် သတ်မှတ်ပါက ဥပဒေပါပြဋ္ဌာန်းချက်များကို ဆက်လက်အကောင်အထည်ဖော်ရန်လိုအပ်ကြောင်း၊ အဖွဲ့ဝင်များအနေဖြင့်လက်ရှိလုပ်ဆောင်ချက်များ၊ ကြီးကြပ်မှုများကို ပြန်လည်စိစစ်ရန်နှင့် စနစ်တကျထိန်းကျောင်းသွားရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရွှေရောင်းဝယ်ရာ၌ မသမာမှုပြုလုပ်၍ ဈေးကစားမှုများအပေါ် ကြီးကြပ်အရေးယူမှုများဆောင်ရွက်နိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ အမိန့်ထုတ်ပြန်ရာတွင် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုအဖြစ်သတ်မှတ်နိုင်ရေးအတွက် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ရန်လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက သက်ဆိုင်ရာဌာနများအနေဖြင့် ရည်ညွှန်းရွှေဈေးနှုန်းထုတ်ပြန်ပြီး ကျော်လွန်ရောင်းချသူများအား အရေးယူနိုင်မည့် နည်းလမ်းများကိုလည်းကောင်း၊ အစည်းအဝေးတက်ရောက်လာသူများက လိုအပ်သည့်အမိန့်များထုတ်ပြန်ရာတွင် ဦးစီးဆောင်ရွက်မည့်ဝန်ကြီးဌာန၊ ဆက်လက်ထိန်းချုပ်ကြီးကြပ်ကွပ်ကဲမည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များကို သေချာစွာစနစ်တကျချမှတ် ဆောင်ရွက်သွားရမည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၁ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက်စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃,၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇,၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁,၀၄၇,၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက် တွင် ကျပ် ၁,၀၈၈,၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁,၁၄၃,၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁,၂၃၇,၀၀၀၊ ၂၀၁၉ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁,၃၁၅,၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁,၃၃၅,၅၀၀၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁,၄၂၀,၀၀၀ ဖြစ်ကြောင်း ရွှေဈေးကွက်မှတ်တမ်းများအရ သိရသည်။

Source: news-eleven.com/news

## မန္တလေးဈေးကွက်တွင် ထောပတ်ပဲ ဈေးဆက်တိုက်မြင့်တက်လာမှုအခြေအနေ

မေလဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ပဲလက်ကျန်နည်းနေပြီး ပြည်ပဝယ်ယူမှုရှိ၍ ဈေးဆက်တိုက်မြင့်လာကြောင်းသိရသည်။ ပြည်တွင်းနေ့စဉ်စားသုံးမှုတွင် စားတော်ပဲပြုတ်ပြီးလျှင် ထောပတ်ပဲပြုတ်သည် စားသုံးမှုအများဆုံးဖြစ်သည်။ ထောပတ်ပဲစတင်ထွက်ပေါ်သည့်အချိန်တွင် အစိုအတိုင်းစားသုံးခြင်း၊ ပဲကြော်၊ ပဲလှော်အဖြစ် အသုံးပြုခြင်းတို့ကြောင့် ထောပတ်ပဲသည် ဈေးကွက်ရှိသည့်ပဲတစ်မျိုးဖြစ်သည်။ မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ထောပတ်ပဲကိုအရွယ်အစား အရည်အသွေးအလိုက် အကြီး၊ အလတ်၊ အသေးဟူ၍ ဈေးဖွင့်ရောင်းဝယ်နေကြပြီး အလတ်အရွယ်အစားသည်ပြည်ပဈေးကွက်ရှိသည့်အခါတွင် ဈေးအမြင့်ဆုံးရရှိကြောင်း သိရသည်။

ထောပတ်ပဲ(ကြီး) ၅၆ ဒသမ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၈၅,၀၀၀ မှ ၃၉၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၅၀,၀၀၀ မှ ၃၅၅,၀၀၀၊ ယခင်လ ကျပ် ၃၃၀,၀၀၀ မှ ၃၅၀,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၅,၀၀၀၊ ယခင်လထက် ကျပ် ၄၀,၀၀၀ မှ ၅၅,၀၀၀ မြင့်တက်လာသည်။

ထောပတ်ပဲ(လတ်) ၅၆ ဒသမ ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၆၅,၀၀၀ မှ ၃၇၅,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၃၅,၀၀၀ မှ ၃၄၀,၀၀၀၊ ယခင်လ ကျပ် ၃၂၀,၀၀၀ မှ ၃၄၀,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၃၀,၀၀၀ မှ ၃၅,၀၀၀ ၊ ယခင်လ ကျပ် ၃၅,၀၀၀ မှ ၄၅,၀၀၀ မြင့်တက်လာသည်။

ထောပတ်ပဲ(သေး) ၅၆ ဒသမ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၆၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၃၀,၀၀၀ မှ ၃၃၅,၀၀၀၊ ယခင်လ ကျပ် ၂၉၀,၀၀၀ မှ ၂၉၅,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၅,၀၀၀ မှ ၃၀,၀၀၀ ၊ ယခင်လထက် ကျပ် ၆၅,၀၀၀ မှ ၇၀,၀၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## Myanmar Rice Online (MyRo) တွင် ဆန်သိုလှောင်ရုံ (၆၀၆) လုံး မှတ်ပုံတင်ပြီးဟုဆို

ဆန်တန်ချိန် (၅၀) သို့ စပါးတင်း (၅၀၀၀) နှင့် အထက် သိုလှောင်နိုင်သည့် သိုလှောင်ရုံများကို မှတ်ပုံတင်ရာတွင် မေလ (၆) ရက်နေ့အထိ (၆၀၆) လုံး ရှိပြီဟု စားသုံးသူရေးရာဦးစီးဌာနက ထုတ်ပြန်သည်။

ပြည်တွင်း ဆန်စပါးဖူလုံရေး၊ ပြည်ပသို့ စနစ်တကျတင်ပို့ရောင်းချနိုင်ရေး၊ ဆန်စပါးဈေးကွက်နှင့်ဈေးနှုန်း တည်ငြိမ်မှန်ကန်စေရေး၊ ဆန်စပါးသိုလှောင်မှုအခြေအနေများကို စနစ်တကျ စာရင်းပြုစုမှတ်ပုံတင်ထားနိုင်ရေး၊ သိုလှောင်ရုံကုန်အပ်လက်မှတ်ကိုအခြေပြုသည့် ငွေကြေးစနစ်ကိုဖော်ဆောင်နိုင်ရေးအတွက် အွန်လိုင်းစနစ်ဖြင့် MyRo (www.myro.com.mm) တွင် မှတ်ပုံတင်ရမည်ဟု ၂၀၂၃ ခုနှစ် နိုဝင်ဘာလ(၃)ရက်နေ့မှ စတင်မှတ်ပုံတင်ရန် ဆောင်ရွက်ခဲ့သည်ဟုဆိုသည်။

၂၀၂၄ ခုနှစ် မေလ (၆) ရက်နေ့အထိ Myanmar Rice online (MyRo) တွင် မှတ်ပုံတင်ထားသော ကုမ္ပဏီ (၉၄) ခု၏ သိုလှောင်ရုံ (၁၉၇) လုံး၊ လူပုဂ္ဂိုလ် (၂၂၁) ဦး၏ သိုလှောင်ရုံ (၄၀၉) လုံး၊ စုစုပေါင်း သိုလှောင်ရုံ (၆၀၆)လုံးကို မှတ်ပုံတင်ပြီးဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနက ပြောသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2026755

## ၂၀၂၁ ခုနှစ်က ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်နေသေးသည့် ကုမ္ပဏီ (၄၅၁) ခု ရှိ

၂၀၂၁ ခုနှစ်က ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ (၄၆၂) သန်းကျော် ဝင်ရောက်ရန် ကျန်နေသည့်ကုမ္ပဏီ (၄၅၁) ခု၏ အမည်စာရင်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

နှစ်အလိုက် ပို့ကုန်ရငွေ ဝင်ရောက်ရန်ကျန်ရှိနေသော ကုမ္ပဏီများ၏စာရင်းကို ကဏ္ဍအလိုက်ထုတ်ပြန်နေခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေဝင်ရောက်ရန် ကျန်ရှိသောကုမ္ပဏီများအနက် ၂၀၂၄ ခုနှစ် ဧပြီလ (၂၆) ရက်နေ့အထိ စာရင်းရှင်းရန်ကျန်သည့်ကုမ္ပဏီ (၄၅၁) ခုစာရင်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခြင်းဖြစ်သည်။

အဆိုပါ ကုမ္ပဏီ (၄၅၁) ခုသည် ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ (၄၆၂,၀၅၄,၇၈၇ ဒသမ ၁၃) ပြန်လည် ဝင်ရောက်ရမည်ဖြစ်သော်လည်း ကျန်ရှိနေသေးသည့်အတွက် ထုတ်ပြန်လာခဲ့ခြင်းဖြစ်သည်။

ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် အများဆုံးကျန်ရှိနေသောကုမ္ပဏီများမှာ Precious Myawaddy logistics and supply chain Co.,Ltd သည် အမေရိကန်ဒေါ်လာ (၅၉ ဒသမ ၉၇၆) သန်းကျော်၊ Hein Aung That Export and Import ကုမ္ပဏီသည် အမေရိကန်ဒေါ်လာ (၅၄ ဒသမ ၉၇၅) သန်းကျော်၊ MMSM Myawaddy ကုမ္ပဏီသည် ဒေါ်လာ (၄၂ ဒသမ ၃၈၇) သန်းကျော်၊ Sein Kabar (MWD) ကုမ္ပဏီသည် ဒေါ်လာ (၁၆ ဒသမ ၇) သန်းကျော်၊ Apex world International ကုမ္ပဏီသည် ဒေါ်လာ (၁၂ ဒသမ ၅) သန်းကျော်၊ Han Nay Wunn ကုမ္ပဏီသည် ဒေါ်လာ(၁၁ ဒသမ ၈) သန်းကျော်၊ အောင်သရဖူ (မြဝတီ) logistics ကုမ္ပဏီသည် ဒေါ်လာ (၁၀) သန်းကျော်၊ စိန်စကြာဝင်းမြိုင် ကုမ္ပဏီသည် (၉ ဒသမ ၆၈၄) သန်းနီးပါး၊ Shwe Mandalay Liquation ကုမ္ပဏီသည် ဒေါ်လာ (၉ ဒသမ ၄၁၅) သန်းကျော်၊ Subana ကုမ္ပဏီသည် ဒေါ်လာ (၈ ဒသမ၈) သန်းကျော်၊ Z and D ကုမ္ပဏီသည် ဒေါ်လာ (၇) သန်းကျော် စသည့်ကုမ္ပဏီများ ပါဝင်နေသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန်ကျန်ရှိနေသော ကုမ္ပဏီများ စာရင်းကို ၂၀၁၆၊ ၂၀၁၇ နှင့် ၂၀၁၉ ခုနှစ်အလိုက် စာရင်းကိုလည်း ထုတ်ပြန်ထားခဲ့သည်။

၂၀၁၆ ခုနှစ်က ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိနေသော ကုမ္ပဏီ (၇) ခုရှိပြီး ကျန်ငွေမှာ အမေရိကန်ဒေါ်လာ (၅) သိန်းကျော်ဖြစ်သည်။

၂၀၁၇ ခုနှစ်က ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိနေသော ကုမ္ပဏီ (၄၄) ခုရှိခဲ့သည်။
၂၀၁၉ ခုနှစ်က ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိနေသော ကုမ္ပဏီ (၉၆) ခုရှိပြီး ကျန်ငွေမှာ အမေရိကန်ဒေါ်လာ (၇၅ ဒသမ ၇၄) သန်းကျော်ဖြစ်သည်ဟု ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2026733

## ဈေးကောင်းရနေသော ခရမ်းချဉ်သီး

ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသဖြစ်သောကြောင့် သီးနှံများ ရာသီမရွေးစိုက်ပျိုးနိုင်ပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်းစသည့်သီးနှံများကို စိုက်ပျိုးသည့်အပြင် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ခရမ်းချဉ်သီး သီးနှံကိုလည်း စီးပွားဖြစ်စိုက်ပျိုးလာကြသည်။ ရာသီအလိုက်သီးနှံများအား စိုက်ပျိုးလျက်ရှိရာ ခရမ်းချဉ်သီးကို ရာသီမရွေးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ပျိုးထောင်စိုက်ပျိုးကြပြီး စိုက်ပျိုးပြီး (၂)လခွဲအချိန်တွင် ခရမ်းချဉ်သီးများ စတင်ခူးဆွတ်နိုင်သည်။

တစ်ဧက ကုန်ကျစရိတ်အနေဖြင့် (၅၀၀,၀၀၀-၆၀၀,၀၀၀) ကျပ်ခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ပိဿာ(၂၀၀-၂၅၀) အထိ ထွက်ရှိကြောင်း၊ ယခင်အစောစိုက် ခရမ်းချဉ်သီးများ ထွက်ပေါ်ချိန်တွင် ဈေးနှုန်းများကောင်းမွန်စွာမရရှိကြောင်း၊ တပေါင်း-တန်ခူး တစ်တောင်းတစ်မူး ဆိုရိုးအတိုင်း (၃-၄)ပိဿာလျှင်(၁၀၀၀)ကျပ် အထိကျဆင်းခဲ့သည်။

ဧပြီလ ဒုတိယပတ်မှစတင်၍ (၁)ပိဿာလျှင် ၈၀၀ ကျပ်မှစ၍ ၁၄၀၀-၁၅၀၀ ကျပ်အထိ ဈေးနှုန်းမြင့်တက်ခဲ့သောကြောင့် နောက်ကျ၍ စိုက်ပျိုးသော ခရမ်းချဉ်စိုက်တောင်သူများ ဈေးကောင်းရရှိကြောင်း၊ မြို့နယ်တွင်း ခရမ်းချဉ်သီးများထွက်ရှိသလို တောင်ကြီး၊ အောင်ပန်း၊ ကလောမှ ဝင်ရောက်လာသော ခရမ်းချဉ်သီးများမှာ (၁)ပိဿာလျှင် ၁၈၀၀ ကျပ်အထိ ဈေးကွက်အတွင်း ရောင်းဝယ်လျက် ရှိကြောင်း၊ ခရမ်းချဉ်ရောင်းချသူများထံမှ သိရသည်။

**Source:** https://www.doca.gov.mm

## အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ဂျပန်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) သည် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့အဆင့် (၅) သို့ ကျဆင်းသွားနိုင်ကြောင်း ခန့်မှန်း

ဂျပန်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုကို အိန္ဒိယနိုင်ငံကကျော်တက်ပြီး လာမည့်နှစ်တွင် ဂျပန်နိုင်ငံသည် ကမ္ဘာ့အဆင့် ၄ မှ ၅ သို့ ရောက်ရှိသွားမည်ဖြစ်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ ခန့်မှန်းချက်များအရ သိရသည်။ IMF ၏ ဧပြီလအစီရင်ခံစာအရ အိန္ဒိယနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုသည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၃၉ ထရီလီယံရှိမည်ဖြစ်ပြီး ဂျပန်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၁၀ ထရီလီယံရှိမည်ဟု ခန့်မှန်းထားသည်။ ယန်းတန်ဖိုးကျဆင်းမှုကြောင့် ယခင်ကခန့်မှန်းချက်များသည် ၂၀၂၅ ခုနှစ်သို့ တစ်နှစ်စောပြီး ရောက်ရှိလာသည်။

လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော်ရှိသော အိန္ဒိယနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံဖြစ်ပြီး စီးပွားရေးတိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားသည်။ IMF ၏ အဆိုအရ ၂၀၂၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တိုးတက်နှုန်းသည် ၇ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ဂျပန်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တိုးတက်နှုန်းမှာ ၁ ဒသမ ၉ ရာခိုင်နှုန်းဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ပြည်တွင်းဝယ်လိုအား ခိုင်မာသည့်အပြင် အစိုးရက နိုင်ငံခြားကုမ္ပဏီများအား အိန္ဒိယနိုင်ငံသို့ လာရောက်ထုတ်လုပ်ရန် တိုက်တွန်းထားသဖြင့် ပြည်တွင်းအသားတင်ထုတ်လုပ်မှုသည် ၂၀၂၇ ခုနှစ်တွင် ဂျာမနီနိုင်ငံကို ကျော်တက်ပြီး ကမ္ဘာ့တတိယနေရာသို့ ရောက်ရှိမည်ဟု ခန့်မှန်းရသည်။

ဂျပန်နိုင်ငံသည် ကမ္ဘာ့အဆင့် ၄ နေရာကို ၂၀၂၃ ခုနှစ်တွင် ဂျာမနီနိုင်ငံနှင့်ယှဉ်ပြိုင်ရင်း ဆုံးရှုံးခဲ့သည်။ ဂျပန်နိုင်ငံသည် ၎င်း၏ စီးပွားရေးတိုးတက်မှု မြင့်မားသောကာလဖြစ်သည့် ၁၉၆၈ ခုနှစ်တွင် အနောက်ဂျာမနီကိုကျော်တက်ကာ ကမ္ဘာ့ဒုတိယ စီးပွားရေး အင်အားကြီးနိုင်ငံဖြစ်လာခဲ့သော်လည်း ၂၀၁၀ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ ကာလရှည်ကြာ စီးပွားရေးကျဆင်းမှု အပြီး၌ တရုတ်နိုင်ငံက ဂျပန်နိုင်ငံကို ကျော်တက်သွားခဲ့သည်။

ဧပြီလ ၂၉ ရက်နေ့တွင် ဂျပန်ယန်းသည် ၃၄ နှစ်ခန့်အတွင်း အနိမ့်ဆုံးအဆင့်ဖြစ်သော ၁ ဒေါ်လာလျှင် ၁၆၀ သို့ ခေတ္တကျဆင်းခဲ့ကာ ယခုနှစ်အစောပိုင်းနှင့်နှိုင်းယှဉ်ပါက ၁ ဒေါ်လာလျှင် ယန်း ၂၀ အထိ ကျဆင်းသွားပါသည်။ ဂျပန်နိုင်ငံ၏ စီးပွားရေးကျဆင်းမှုသည် နှစ်ရှည်လများ ရပ်တန့်နေမှုကို ထင်ဟပ်နေပြီး စီးပွားရေးလုပ်ငန်းများက ကုန်ကျစရိတ်များဖြတ်တောက်ခြင်းနှင့် ပြည်တွင်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကာလကြာရှည်နေပြီဖြစ်သော ငွေကြေးတန်ဖိုးကျဆင်းမှုကို တုံ့ပြန်နိုင်ရန် ဆောင်ရွက်နေကြသည်။

"ယန်းငွေအားနည်းနေခြင်းနှင့် လတ်တလောငွေကြေးတန်ဖိုးကျဆင်းခြင်းမှ ပြန်လည်ဦးမော့လာချိန်တွင် ကုမ္ပဏီများအနေဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်သင့်ကြောင်း" ဒိုင်ဝါသုတေသနဌာနမှ အကြီးတန်းစီးပွားရေးပညာရှင် Keiji Kanda က ပြောကြားခဲ့သည်။

**Source: https://www.thedailystar.net**

**ကုန်သွယ်ရေးဦးစီးဌာန-WTO ဌာနခွဲ**

**Source:** https://commerce.gov.mm

## ယူအေအီးနိုင်ငံရှိ စားသုံးသူဈေးကွက်များတွင် မျှတသောကုန်သွယ်မှုနှင့် စားသုံးသူကာကွယ်ရေးကို ရရှိစေရန်အတွက် ဒူဘိုင်းတွင်လှုပ်ရှားမှုများကိုဆောင်ရွက်ထားရှိ

ဒူဘိုင်းစားသုံးသူကာကွယ်ရေးနှင့်မျှတသောကုန်သွယ်မှုကော်ပိုရေးရှင်း (DCCPFT)သည် ဒူဘိုင်းစီးပွားရေးနှင့်ခရီးသွားလုပ်ငန်းဌာန(DET)၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ ပထမသုံးလပတ်အတွင်း ဒူဘိုင်းဈေးကွက်များနှင့်စီးပွားရေးလုပ်ငန်းများသို့ ကွင်းဆင်းလေ့လာခြင်းနှင့်စောင့်ကြည့်လေ့လာမှုများကို ပြုလုပ်ခဲ့သည်။

ဤအစပျိုးမှုသည် ကုန်သည်များနှင့်စားသုံးသူများ၏ ရပိုင်ခွင့်များနှင့်တာဝန်များကို မီးမောင်းထိုးပြသနိုင်ရန်အတွက် DCCPFT ၏ လက်ရှိလုပ်ဆောင်နေသော အသိပညာပေးလှုပ်ရှားလှုံ့ဆော်မှုများကို အားကောင်းစေပြီး အားလုံးအတွက် မျှတသောအတွေ့အကြုံကိုရရှိစေကာ နောက်ဆုံးတွင် ဒူဘိုင်းရှိ စီးပွားရေးကဏ္ဍအတွင်း ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ခဲ့သည်။

လှုပ်ရှားလှုံ့ဆော်မှုပေါင်း ၂၃၂ ခုအတွင်း DCCPFT ၏ စားသုံးသူကာကွယ်ရေးဌာနသည် ရမ်ဇာန်လအတွင်း အထူးသဖြင့် လူအသွားအလာများပြားသောနေရာများတွင် ကုန်သည်များနှင့်စားသုံးသူများ တိုက်ရိုက်ထိတွေ့ဆက်ဆံခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသေးစိတ်အချက်အလက်များဖော်ထုတ်မှုကို လွယ်ကူသောတုံ့ပြန်ချက်များဖြင့် ရရှိနိုင်စေရန် အလေးထားဆောင်ရွက်ခဲ့သည်။ တိုင်ကြားမှုများကို ပွင့်လင်းမြင်သာစွာ စီမံခန့်ခွဲရာတွင် ကုန်စည်တင်သွင်းသူများကိုလည်း ကိုင်တွယ်ဖြေရှင်းခဲ့သည်။ တစ်ချိန်တည်းမှာပင် ဉာဏပစ္စည်းဆိုင်ရာအကာအကွယ်ပေးရေးဌာန (IPP)သည် အမှတ်တံဆိပ်ပိုင်ရှင်များ၏ တောင်းဆိုချက်များကို တုံ့ပြန်ရန်အတွက် ဉာဏပစ္စည်းမူပိုင်ခွင့်များ (IPR)ကို စောင့်ကြည့်လေ့လာပြီး စီးပွားရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်ခဲ့သည်။ ၂၀၂၄ ခုနှစ်ပထမသုံးလပတ်အတွင်း ၎င်းတို့က ဉာဏပစ္စည်းဆိုင်ရာအခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်တားဆီးရန်အတွက် ကုန်အမှတ်တံဆိပ်လျှောက်ထားမှုပေါင်း ၁၉၉ ခုကို ကိုင်တွယ်ဆောင်ရွက်ခဲ့ပြီး လှုပ်ရှားလှုံ့ဆော်မှုပေါင်း ၆၃ ခုအတွက် ဒူဘိုင်းရဲတပ်ဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ၎င်းတို့၏ အနာဂတ်အစီအစဉ်များတွင် စားသုံးသူဘေးကင်းရေးနှင့် ဥပဒေကိုလိုက်နာမှုရှိစေရန်အတွက် ဒူဘိုင်းရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ ကုန်ပစ္စည်းအတုရောင်းချသည့်နေရာများကို စောင့်ကြည့်မည့် အထူးကြိုးပမ်းမှုအစီအစဉ်များလည်း ပါဝင်ပါသည်။

DCCPFT ၏အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mohammed Shael Al Saadi က DCCPFT သည် ကုန်သည်များနှင့် စားသုံးသူများ၏ အခွင့်အရေးများကိုကာကွယ်ရန် ကွင်းဆင်းလေ့လာမှုများပြုလုပ်သွားရန် ကတိပြုထားပြီး စားသုံးသူများ၏

မကျေနပ်ချက်များကိုတုံ့ပြန်ခြင်းနှင့် ၎င်းတို့၏အခွင့်အရေးများနှင့်တာဝန်များအား အသိပညာပေးခြင်းတို့ကို လုပ်ဆောင်ရန် ကတိပြုပါကြောင်း မျှတမှု၊ သာတူညီမျှမှု၊ ကျန်းမာသောယှဉ်ပြိုင်မှုနှင့်စားသုံးသူအကာအကွယ်ပေးရေးတို့ကို ရရှိစေရန်အတွက် ဒေသတွင်းဈေးကွက်များကိုထိန်းညှိခြင်းအပြင် အဆိုပါအခွင့်အရေးများကို မှတ်ပုံတင်ခြင်းနှင့်ကာကွယ်ခြင်း၏အရေးပါမှုတို့ကို စီးပွားရေးကဏ္ဍတွင် အသိပညာပေးခြင်းနှင့် ဉာဏပစ္စည်းမူပိုင်ခွင့်များကိုကာကွယ်ရန်ကိုလည်း ကတိပြုပါကြောင်းနှင့် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများသည် နိုင်ငံတကာကုန်အမှတ်တံဆိပ်များအတွက် လုံခြုံသောဈေးကွက်တစ်ခုအဖြစ် ဒူဘိုင်း၏ ဂုဏ်သတင်းကို အလေးထားဖော်ပြပြီး စားသုံးသူများ၏ လက်လီရောင်းချမှုအတွေ့အကြုံကို ယုံကြည်မှုရှိရှိ ခံစားနိုင်စေမည့် နေရာတစ်ခုဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

၎င်းမှ အမြော်အမြင်ကြီးမားသော ခေါင်းဆောင်မှု၏အမြင်နှင့် D33 အစီအစဉ်၏ ပန်းတိုင်များနှင့်အညီ ဈေးကွက် တည်ငြိမ်မှုကိုထိန်းသိမ်းရန်အတွက် DCCPFT ၏ အာရုံစိုက်ဆောင်ရွက်မှုများကိုလည်း အလေးထားပြောကြားခဲ့သည်။ စီးပွားရေးဆိုင်ရာချိုးဖောက်မှုများအားလုံးအား ဆောလျင်စွာသတင်းပို့ရန် စားသုံးသူများအား ၎င်းတို့မှတောင်းဆိုထားပြီး နောင်တွင် အဆိုပါချိုးဖောက်မှုများသို့မဟုတ် ဥပဒေဆိုင်ရာတာဝန်များကို ရှောင်ရှားရန်အတွက် စီးပွားရေးလုပ်ငန်းပိုင်ရှင် များအား ၎င်းတို့၏ဉာဏအခွင့်အရေးများကို ကာကွယ်ရန်နှင့်မှတ်ပုံတင်ထားရှိရန် တိုက်တွန်းထားကြောင်း Al Saaadi က ဆက်လက်၍ ရှင်းပြခဲ့သည်။


IPP ဌာနသည် သက်ဆိုင်ရာဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေများအောက်တွင် ကုန်သည်များအား ၎င်းတို့၏အခွင့်အရေးများနှင့် တာဝန်များအကြောင်း ပညာပေးရန်အစီအစဉ်များနှင့် အစပျိုးမှုများကို ပုံမှန်စီစဉ်ထားရှိသည်။ နိုင်ငံတကာအမှတ်တံဆိပ် အချို့၏ အတုအပထုတ်ကုန်များကို ရောင်းချခြင်းကဲ့သို့သောအကျင့်ပျက်ခြစားမှုများကို ရှောင်ကြဉ်ရန်ကိုလည်း စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်လျက်ရှိသည်။ ဤကဲ့သို့သောအစပျိုးမှုများသည် စီးပွားရေးဆိုင်ရာထိန်းချုပ်မှုလုပ်ငန်းများကို အကောင်းဆုံးဖြစ်စေရန် လုပ်ဆောင်နိုင်ရန်နှင့် စီးပွားရေးကဏ္ဍများနှင့်နယ်ပယ်အားလုံးတွင် ဈေးကွက်ကြီးကြပ်မှုကို လွယ်ကူချောမွေ့စေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

IPP ဌာနသည် DCCPFT ကော်ပိုရေးရှင်းနှင့် ၎င်းတို့၏ဉာဏပစ္စည်းဆိုင်ရာ အချက်အလက်ဖိုင်များနှင့် ၎င်းတို့၏ အခွင့်အရေးများအား အမြဲတမ်းနောက်ဆုံးပေါ်ဖြစ်စေမှုအပေါ် သေချာစေရန်အတွက် စီးပွားရေးလုပ်ငန်းတည်ထောင်သူ ၁၀,၀၀၀ ကျော်တို့ကိုလွှမ်းခြုံကာ ပြည်တွင်းနှင့်နိုင်ငံတကာ ကုန်စည်အမှတ်တံဆိပ်များ၏အခွင့်အရေးများကို အကာအကွယ် ပေးလျက်ရှိကြောင်း သတင်းဌာနမှ ဖော်ပြထားသည်။

Source: Emirates News Agency

(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ ဒူဘိုင်းမြို့)

## STOCK EXCHANGE (17.5.2024)




Stock trading data

As of 17th May, 2024

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,868 (Shares) | 24,483,850 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,600 | 788 | 6,832,500 | 33,109,694 | 288,054 |
| MTSH | 00002 | 2,950 | +100 | +3.51% | 2,900 | 2,950 | 2,900 | 1,267 | 3,676,800 | 38,929,150 | 114,841 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +50 | +3.33% | 1,500 | 1,550 | 1,500 | 7,401 | 11,101,550 | 29,664,613 | 45,980 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 592 | 1,031,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 0 | 0 | 10,497,598 | 47,239 |
| MAEX | 00008 | 2,250 | +50 | +2.27% | 2,200 | 2,250 | 2,200 | 820 | 1,842,000 | 23,804,946 | 53,561 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 17th May, 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 372.22 | +3.49 | +0.95% | 369.77 | 372.22 | 367.48 | 10,868 | 24,483,850 | 8 | 702,067 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:00 pm, 20th May, 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,580 (Shares) | 15,823,250 (MMK) |

| MYANPIX | 369.40 ▼ 2.82 |
|---|---|
| Total Volume (shares) | 4,580 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 696,755 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,900 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 100 |
| FPB | 00004 | 1,500 | ▼ 50 |
| TMH | 00005 | 2,600 | ▼ 150 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 2,250 | ▲ 0 |